လူသည်မည်သူမဆို

ချမ်းသာသုခကို၊လိုလားတောင်းတပြီး၊ရှင်သန်နေကြပါတယ်။

ဒါပေမယ့်၊မိမိအတွက်ချမ်းသာသုခကို၊လိုလားတောင်းတပေမယ့်လည်း

တစ်ပါးသူရဲ့ချမ်းသာသုခကိုဆန္ဒရှိသောသူသည်

အဲဒီလောက်များများစားစားမရှိပါ။

စစ်မှန်သောချမ်းသာသုခဆိုသည်မှာ

တစ်ပါးသူရဲ့ချမ်းသာသုခကို၊ဆန္ဒပြုခြင်းမှစ၍

ထွက်ပေါ်လာရခြင်းပင်ဖြစ်တယ်။



**{ကျေးဇူးတင်ခြင်း၊ ခြိုးခြံခြင်း၊ အပြန်အလှန်ကူညီရိုင်းပင်းခြင်း}**

**ချမ်းသာသုခနဲ့နေထိုင်နိုင်မှုရဲ့အချက်ကျသောစကား**

**တန်းရိဘာသာမှ၊ သဝဏ်လွှာ**

## တစ်ပါးသူရဲ့ချမ်းသာသုခကို၊
## မိမိချမ်းသာသလိုမျိုးနဲ့ဝမ်းမြောက်နိုင်ပါသလား?

စီးပွါးရေးနဲ့ကြွယ်ဝချမ်းသာချင်တယ်၊အမြဲတမ်းကျန်းကျန်းမာမာနဲ့ရှိချင်တယ်၊အဲဒီနောက် မိသားစုငွေကြေးပြည့်စုံချင်တယ်..။အဲဒါတွေသည်၊ရိုးရိုးသာမာန် {ချမ်းသာမှုရဲ့အကြောင်းခြင်းရာ} တွေပဲလို့၊ထင်မြင်နေကြပြီး၊ကြိုးစားလိုလားတောင်းတနေပေမယ့်လည်း၊သေချာပေါက်ဖြစ်မြောက် ပြည့်စုံလာလိမ့်မယ်လို့မဆိုနိုင်ပါ။

အဲဒါကြောင့်လည်းပဲ၊တစ်ပါးသူကိုအားကျခြင်း၊မနာလိုဝန်တိုဖြစ်ကြတယ်။သို့ရာတွင်၊အဲဒီလိုမျိုး စိတ်ထားခြင်းသည်၊ချမ်းသာသုခကိုမရရှိနိုင်တဲ့အပြင်၊ပြန်၍ခိုက်ရန်ဒေါသ၊ပဋိပက္ခဖြစ်ဖြင်းရဲ့မျိုးစေ့၊ ဖြစ်ရုံမှတစ်ပါးအခြားမရှိပါ။

အဲဒီလိုဖြစ်ရခြင်းရဲ့အကြောင်းရင်းသည်၊တစ်ပါးသူကိုတစ်ပါးသောသူပဲလို့ထင်မြင်ခြင်းကြောင့် ပင်ဖြစ်တယ်။အကယ်၍များ၊တစ်ပါးသူကိုမိမိရဲ့မိသားစုပဲလို့ထင်မြင်နိုင်လျှင်၊ဘယ်လိုဖြစ်ကြပါလိမ့် မလဲ..?တစ်ပါးသူရဲ့ခန္ဓာကိုယ်ပေါ်မှာဖြစ်ပေါ်တဲ့အကြောင်းကိစ္စသည်၊အရာခပ်သိမ်း၊မိမိခန္ဓာပေါ်မှာ ဖြစ်တဲ့ကိစ္စလိုမျိုး၊တွေးထင်ကြမှာမလွဲကေန်ပင်ဖြစ်သည်။

တစ်ပါးသူရဲ့ချမ်းသာသုခကို၊မိမိရဲ့ကိစ္စလိုမျိုး၊ရိုးသားဖြူစင်စွာဖြင့်ဝမ်းမြောက်ပြီး၊တစ်ပါးသူရဲ့ ဆင်းရဲဒုက္ခကို၊ခန္ဓာကိုယ်ထဲမှာဖြစ်ပေါ်တဲ့ဝမ်းနည်းမှုလိုမျိုးခံယူရမယ်။အဲလိုစိတ်ထားမျိုးထားနိုင်မယ် ဆိုရင်မျက်စိနဲ့မြင်နိုင်တဲ့၊ချမ်းသာသုခထက်ပို၍စစ်မှန်သောချမ်းသာသုခကိုခံစားရရှိနိုင်ကြမှာပင်ဖြစ် တယ်။

**မည်သူမဆိုမျှော်လင့်တောင်းတတဲ့၊ချမ်းသာသုခရဲ့နေ့ရက်များ**

**အဲဒါသည်**

**ပျော်ရွှင်ဝမ်းမြောက်မှုရဲ့မျိုးစေ့ကို၊တွေ့မြင်သိရှိခြင်းမှစတင်ခြင်းပင်ဖြစ်တယ်**